**Extractive Industries Transparency Initiative**


## EITI ဆိုတာဘာလဲ ?




သဘာဂသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်း ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) ဆိုသည်မှာ သဘာဝသယံဇာတအရင်းအမြစ်များမှ ရရှိသော ဂင်ငွေများအား ပွင့်လင်းစွာဖြင့် စီမံခန့်ခွဲမှုပိုမိုအားကောင်းလာစေသည့်ကမ္ဘာ့လုံး ဆိုင်ရာစံနှုန်းတစ်ခုဖြစ်သည် ။



မြန်မာနိုင်ငံ သဘာဂသယံဇာတ
တူးဖော်ထုပ်လုပ်သည့်လုပ်ငန်းများ
ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး




# “ ပွင့်လင်းမြင်သာ တာဝန်ယူပါ ”

+95 9 400 888 123, 067-410533
communication@myanmareiti.org
www.myanmareiti.org
Yangon - No.(24/26), 6th Floor, 6/F Room, Race Course Condo, South Race Course Street, Tamwe Township
Nay Pyi Taw - Fiscal Policy, Strategy and EITI Division, Budget Department, Office No (26), Naypyidaw.

**Publication Links**

https://www.eiti.org
https://eiti.org/newsletter
https://eiti.org/eiti/video
https://www.ph-eiti.org
https://www.eiti.ekon.go.id



**Myanmar Extractive Industries Transparency Initiative**

MYANMAR EITI Extractive Industries Transparency Initiative


## " EITI ဘာကြောင့်အသုံးဝင်တာလဲ "

လက်ရှိမြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်စေရန် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခြေခံမူဘောင် (Framework For Economics and Social Reform)ချမှတ်ကျင့်သုံးရာတွင် စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအနက် EITI လုပ်ငန်းအကောင်အထည်ဖော်ရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သယံဇာတများကို ကောင်းမွန်စွာ စီမံထိန်းသိမ်းခြင်းဖြင့် လက်ရှိပြည်သူများအတွက်သာမကနောက်မျိုးဆက်များအတွက်ပါ ကောင်းကျိုးချမ်းသာဖန်တီးနိုင်မည်။

သဘာဂသယံဇာတများမှ ရရှိသော နိုင်ငံတော်ဂင်ငွေနှင့် အသုံးစရိတ်များအကြောင်း ပြည်သူလူထုသိရှိလာခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် သင့်တော်ပြီး လက်တွေ့ အကောင်အထည် ဖော်နိုင်သောလုပ်ငန်းများကို ရွေးချယ်လာနိုင်မည်။ သဘာဂအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်နေကြသော ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှု တိုးတက်လာခြင်းနှင့်အတူ အစိုးရ၏ ဘဏ္ဍာရေးအုပ်ချုပ်မှုနှင့် တာဂန်ခံမှုတို့ တိုးတက်လာနိုင်သည်။


ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု နှင့်အတူ ပြည်တွင်း ၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင် ဖြစ်လာနိုင်သလို ပြည်သူများ၏အကျိုးစီးပွားအတွက်လည်း အထောက်အကူပြုနိုင်ပါသည်။

သဘာဂသယံဇာတအရင်းအမြစ်များ ဖော်ထုတ်ရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ ( Extractive Industries Transparency Initiative - EITI ) ၏ စံနှုန်းပြည့်နိုင်ငံဖြစ်လာသည် အထိ ဆက်လက်လုပ်ဆောင်မည်။



## " MEITI ၏ နောက်ခံသမိုင်းအကျဉ်းချုပ် "

- မြန်မာနိုင်ငံသည် (၂၀၁၄)ခုနှစ် ၊ မေလတွင် နိုင်ငံတကာ EITI ဘုတ်အဖွဲ့သို့ EITI အဖွဲ့ဝင်လောင်းနိုင်ငံတစ်နိုင်ငံအဖြစ် လက်ခံခွင့်ပြုရန် လျှောက်လွှာကို တင်သွင်းခဲ့ပြီး (၂၀၁၄) ခုနှစ်၊ ဇူလိုင်လ၌ မက္ကဆီကိုနိုင်ငံတွင်ကျင်းပခဲ့သော နိုင်ငံတကာ EITI ဘုတ်အဖွဲ့၏ (၂၇)ကြိမ်မြောက် အစည်းအဝေးကြီးက မြန်မာနိုင်ငံကို အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် အတည်ပြုပေးခဲ့ပါသည်။
- အစိုးရက ဝန်ကြီးဌာန အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့်အတူ သိသာ ထင်ရှားသော တိုးတက်မှုများ ဆောင်ရွက်ခဲ့ကြပြီး ပထမအစီရင်ခံစာကို ( ၂၀၁၆ ) ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်နိုင်ခဲ့သည်။
- မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG ) အနေဖြင့် ဒုတိယအကြိမ် အစီရင်ခံစာ (၂၀၁၄-၂၀၁၅ / ၂၀၁၅-၂၀၁၆)ကို ရေးသားထုတ်ပြန်ရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။
- EITI ဖြစ်စဉ်သည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် အဓိကကျသည့် အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ပြည်သူ့ရေးရာ ဘဏ္ဍာရေးစီမံခန့်ခွဲမှုအပေါ်တွင် ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်ခြင်းလည်းဖြစ်ပါသည်။
- EITI ကို အစိုးရ၊ ကုမ္ပဏီနှင့် အရပ်ဖက် အဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အထောက်အပံ့ပေးနိုင်ရန်အတွက် အသုံးဝင်သောနည်းလမ်း တစ်ခုအဖြစ် ရှုမြင်ကြပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း အထောက်အကူပြုပါသည်။








## " မျှော်မှန်းချက် "

နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတို့၏ ရေရှည်အကျိုး စီးပွားအတွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကာလတွင် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာစေရန်။

## " ရည်ရွယ်ချက် "

- သဘာဂသယံဇာတ စီမံခန့်ခွဲမှုနှင့် ဆက်စပ်သော သတင်းအချက်အလက်များ၊ ယင်းလုပ်ငန်းများနှင့်ပတ်သက်သောအခွန်ဘဏ္ဍာဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ တိကျမှန်ကန်စွာ ရရှိလာစေရန်။
- EITI စံနှုန်းနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်စွာ အားပေးသော ရပ်ဝန်းတစ်ခု ပေါ်ပေါက်တည်ရှိလာစေရန်။
- EITI ဖော်ဆောင်ခြင်းအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သော သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေရေး အတွက် အထောက်အကူ ဖြစ်စေရန်။





## " MEITI ၏ အခြေခံမှုများ"

မြန်မာနိုင်ငံ MEITI သည် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှု ၊ ငွေကြေးကဏ္ဍနှင့် သက်ဆိုင်သော အခွန်ဘဏ္ဍာ စီမံခန့်ခွဲမှုတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိရေးတို့အတွက် ဆောင်ရွက်ရာတွင် -

- ပွင့်လင်းမြင်သာမှု (Transparency)
- တာဝန်ယူ၊ တာဝန်ခံမှု (Accountability)
- ဖြောင့်မတ်မှန်ကန်မှု (Integrity)
- အမျိုးသားအကျိုးစီးပွားကို ရှေ့ရှုမှု (National Interest)
- တိုင်းရင်းသားပြည်သူများ၏ သဘောထားနှင့် အကျိုးစီးပွားကို အလေးထားမှု (People – Centered)
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainability)
- လွတ်လပ်စွာကြိုတင်အသိပေးညှိနှိုင်းရယူထားသည့် သဘောတူညီချက် (Free Prior Informed Consent- FPIC)
- စစ်မှန်သောပါဝင်မှုနှင့် အားလုံးအကျုံးဝင်မှု (Genuine participation and all-inclusiveness) တို့အပေါ်တွင် အခြေခံပါသည်။

### EITI ၏ ပြောင်းလည်း တိုးတက်လာပုံ အဆင့်ဆင့်




MYANMAR MEITI Extractive Industries Transparency Initiative